(၂၂-၁၁-၂၀၁၇)ရက်စွဲပါစာအမှတ်၊၅၀၀-ဆည/ခွဲ(၅)ဖိုင်ဘာ/၆၁၉၁ ၏ နောက်ဆက်တွဲ

**<u>ဆက်သွယ်ရေးကေဘယ်ကြိုး သွယ်တန်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်း သတ်မှတ်ချက်များ</u>**




ဆက်သွယ်ရေးကေဘယ်ကြိုးများ Pole တိုင်များပေါ်မှ သွယ်တန်းရာတွင် အောက်ဖော်ပြပါ အတိုင်း လိုက်နာဆောင်ရွက်သွားရန်-

၁။ မြို့ပြဧရိယာများရှိ အများပြည်သူသုံးလမ်းများတွင် ကေဘယ်၏ Mid span အား မြေပြင်မှ အနည်းဆုံး ( 15’ 6”) အမြင့်ထားရှိ၍ သွယ်တန်းရန်၊

၂။ အဝေးပြေးလမ်းမကြီးများတွင် ကေဘယ်၏ Mid span အား မြေပြင်မှ အနည်းဆုံး( 18’) အမြင့်ထားရှိ၍ သွယ်တန်းရန်၊

၃။ လူနေရပ်ကွက်များရှိ အသွားအလာနည်းသော လမ်းများတွင် ကေဘယ်၏ Mid span အား မြေပြင်မှ အနည်းဆုံး ( 11’ 6”) အမြင့်ထားရှိ၍ သွယ်တန်းရန် ၊

၄။ ကန့်သတ်လမ်း(သို့)အနေးယာဉ်လမ်းများတွင် ကေဘယ်၏ Mid span အား မြေပြင်မှအနည်းဆုံး ( 9’ 6”) အမြင့်ထားရှိ၍ သွယ်တန်းရန်၊

၅။ မီးရထားလမ်းကူးများတွင် ကေဘယ်၏ Mid span အား မြေပြင်မှ အနည်းဆုံး( 23’ 6”) အမြင့်ထားရှိ၍ သွယ်တန်းရန်၊

၆။ Pole ပေါ်တွင် လိုင်စင်စီ တစ်ဦးနှင့်တစ်ဦး၏ ကေဘယ်ကို ( 6”)ခွာ၍ ချိတ်ဆွဲရန်၊

၇။ ကေဘယ်များ၏ Mid span နေရာတွင် ကေဘယ်တစ်ခုနှင့်တစ်ခု အနည်းဆုံး( 4”)ခွာ၍ထားရှိရန်၊

၈။ Pole ၏ မြေဝင်အား မြေအမျိုးအစားပေါ်မူတည်၍ Pole Length ၏ (၆)ပုံတစ်ပုံ အနည်းဆုံး ထည့်သွင်းစိုက်ထူရန်၊

၉။ Right of Way ပိုင်ဆိုင်သူ(စီမံခန့်ခွဲခွင့်ရှိသူ)တို့၏သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

၁၀။ သွယ်တန်းတပ်ဆင်ထားသည့် ကေဘယ်များအားလုံး၌ ကေဘယ် ပိုင်ဆိုင်သူ၏ လိုင်စင်စီ အမည်/ ထင်ရှားသည့်အမှတ်အသား ဖော်ပြရန်၊